the voice of spring

30.5.2021 · Sunday · No . 55 · Daily News Pamphlet

## ထိုင်းရောက် နေပါလီဂေါ်ရခါးအဖွဲ့ချုပ်က တော်လှန်ရေးအတွက် NUG အစိုးရထံ ဘတ်ငွေသုံးသိန်း လှူဒါန်းခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## မကွေး၊ ဂန့်ဂေါမြို့နယ်၊ နှမ်းခါးရွာ၌ စစ်အုပ်စုက ပစ်ခတ်သဖြင့် ပြည်သူ(၃)ဦးကျဆုံး၊ နေအိမ်များမီးရှို့ခံရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## အမျိုးသားညီညွတ်ရေးအစိုးရနှင့် ချင်းအမျိုးသားတပ်ဦး(CNF)တို့အကြား နှစ်ဘက်သဘောတူညီချက်ကို နိုင်ငံတော် ဒုတိယသမ္မတ ဒူဝါလရှီးလ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ဒုဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## ကျေးရွာပေါင်းစုံသပိတ်စစ်ကြောင်းများနှင့် ပြောက်ကြားသပိတ်များကို နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ



မေလ(၂၉)ရက်၊ စစ်ကိုင်း၊ ဆားလင်းကြီးမြို့နယ် မြောက်ခြမ်းနှင့် ယင်းမာပင်အရှေ့ခြမ်းရွာပေါင်းစုံတို့ ပြုလုပ်ခဲ့သည့် လူအင်အားထောင်ချီသော တပ်ပေါင်းစုသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## စစ်အုပ်စုက ဖွင့်လှစ်သည့် တက္ကသိုလ်များ၌ တက်ရောက်သူ မရှိသဖြင့် ပိတ်ထားရသော်လည်း NUG အစိုးရ စီစဉ်သည့် နောက်ဆုံးနှစ်ဆေးကျောင်းသားများအတွက် CME sessions ပို့ချမှုကို Zoom မှတဆင့် ပြုလုပ်ခဲ့ရာ တက်ရောက်သူဦးရေ(၁၀၀၀)ပြည့်သွားခြင်းကြောင့် အခြားနည်းလမ်းဖြင့် တပြိုင်နက်ဝင်ရောက်နိုင်ရန်စီစဉ်နေရ

သတင်းတို

ရင်းမြစ် – NUG မှ

## ဂန့်ဂေါ-ကလေးလမ်းမကြီးပေါ်တွင် ပြန်ဆုတ်လာသည့် စစ်အုပ်စုကား(၂)စီးကို KRDA မှကြားဖြတ်တိုက်ခိုက်ခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## ချင်းပြည်နယ်၊ ကန်ပက်လက်မြို့တွင် စစ်အုပ်စုနှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲပြင်းထန်နေ

သတင်းတို

ရင်းမြစ် – RFA မှ

## ပခုက္ကူမြို့၌ မတရားသဖြင့် ဖမ်းဆီးခံခဲ့ရသည့် CDM သူနာပြုဆရာမ အပါအဝင် (၃)ဦးကို စစ်အုပ်စုက လီဆယ်၍ လက်နက်မှုနှင့် တရားစွဲဆိုထား

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၉)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၃၇ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၄၇၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၁ ဦး

ရင်းမြစ် – အေအေပီပီမှ

ဧနွဦးအသံ
the voice of spring
30.5.2021 · Sunday · No . 55 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၂၉)ရက်၊ ၂၀၂၁

- သာကေတ၌ မေ(၂၈)ရက်၊ ညပိုင်းတွင် ဇိနမာန်အောင်ဘုရားဝင်းအတွင်း တပ်စွဲထားသည့် စစ်အုပ်စုကို လက်နက်ကိုင်အဖွဲ့တခုက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စစ်အုပ်စုဘက်က ထိခိုက်သူများ ရှိခဲ့ဟုသိရ။
- မကွေး၊ ကံမမြို့နယ် NLD ပါတီဥက္ကဋ္ဌနှင့် မကွေးတိုင်းအစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားဝန်ကြီး ဦးမြင့်အောင်ကို မေ(၂၈)ရက်၊ညနေပိုင်းက ကံမမြို့၊ ခြောက်ပင်အုပ်စု၊ ဖွေးမိကျေးရွာနေအိမ်၌ စစ်အုပ်စုက လာရောက်ဖမ်းဆီးခဲ့ဟုသိရ။
- ခင်ဦးမြို့နယ်၊ အိုးပေါက်ကြီးကျေးရွာ၌ ရွာခံများကို ဓားကိုင်ဆဲဆို စိန်ခေါ်ခဲ့သည့် ကြံ့ဖွံ့ပါတီစည်းရုံးရေးမှူး ဦးအုန်းခိုင်မှာ မေ(၂၈)ရက်၊ နေ့လယ်ပိုင်းက မျက်နှာဖုံးစွပ်လူ(၂)ဦးက နေအိမ်သို့ လာရောက်၍ သေနတ်နှင့် ပစ်သတ်သဖြင့် သေဆုံးခဲ့ဟုသိရ။
- ခင်ဦးမြို့နယ်၊ ကံသစ်ကျေးရွာအုပ်စု၊ နောကုန်းကျေးရွာ၌ နံနက်(၁၀)နာရီခန့်က စစ်ကျွန်ကျေးရွာတာဝန်ခံ ဦးကျော်စိန်ဝင်းနှင့် ဒလံ ဦးအောင်တင့်တို့ (၂)ဦးမှာ ဓားခုတ်ခံထားရသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့။
- ဂန့်ဂေါမြို့နယ်၊ ရဲလှနှင့် နမ်းခါးရွာအကြား ဂန့်ဂေါ-ကားလမ်းအတိုင်း ကလေးမြို့သို့ လာသည့် စစ်အုပ်စုကား(၂)စီးကို သာယာကုန်းနှင့် နည်းပညာတက္ကသိုလ် (ကလေး)



ကြား၌ ကလေးခုခံကာကွယ်ရေးအဖွဲ့ KRDA က မေ(၂၈)ရက် နေ့လယ်ပိုင်းက တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုကားများ ထိခိုက်ပျက်စီးခဲ့ပြီး စစ်အုပ်စုဘက်က (၅)ဦး သေဆုံးခဲ့ဟုသိရ။



- အင်းစိန်၊ အလယ်ရပ်ကွက်ရုံး၊ အောင်ဇေယျတံတားအဆင်း၌ မေ(၂၈)ရက်၊ ည(၉)နာရီခွဲတွင် စစ်အုပ်စုက ဆိုင်ကယ်စီးနင်းလာသူ မော်ဒယ်သရုပ်ဆောင် အောင်ဇေယျာလင်း (ခ) ထက်အောင်ကို အနောက်မှ ကားနှင့်လိုက်တိုက်သတ်သဖြင့် သေဆုံးခဲ့။
- ပဲခူး၊အင်းတကော်မြို့ အင်ဂျင်နီယာတပ်ရင်းတွင် တပ်သားနှင့် အရာရှိ စကားများရာမှ အရာရှိဖြစ်သူ ဇော်နိုင်အား အဆိုပါတပ်သားက ဓားနှင့်ခုတ်ကာ ထွက်ပြေးခဲ့ပြီး အရာရှိမှာ ဓားဒဏ်ရာဖြင့် သေဆုံးခဲ့။
- ကြည့်မြင်တိုင်မြို့နယ် ဟုန်းလမ်းနှင့် ကမ်းနားလမ်း၊ ဓာတ်ဆီဆိုင်အနီးရှိ ယာဉ်ထိန်းရဲရုံး၌ နံနက်(၉)နာရီခန့်က လက်လုပ်ဗုံး ပစ်သွင်းခံခဲ့ရ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့။
- လှိုင်သာယာမြို့နယ်၊ ကမ္ဘောဇ မှတ်တိုင်အနီး၌ နံနက်(၉)နာရီခန့်က စစ်အုပ်စုကားတစီးပေါ်သို့ လက်ပစ်ဗုံး ပစ်သွင်းခံရပြီး ဗုံးမှာ ကားအောက်သို့ ပြုတ်ကျပေါက်ကွဲသွားသဖြင့် ဒဏ်ရာရသူအချို့သာရှိခဲ့။
- ရန်ကုန်မြို့ ပြည်လမ်း၊ မြေနီကုန်းတံတားအဆင်းရှိ UNHCR ရုံးအနီး၌ နံနက်ပိုင်းက လည်းကောင်း၊ ရွှေပြည်သာ၊ အမှတ်(၅)ရပ်ကွက်ရုံးအနီး၌ မေ(၂၈)ရက်၊ ည(၇)နာရီခန့်ကလည်းကောင်း ပေါက်ကွဲမှုများဖြစ်ခဲ့။
- ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ရွာ။ ရွှေဘိုခရိုင်၊ ဝန်းစည်ကျေးရွာ။ မအူပင်မြို့နယ် အ.ထ.က (လယ်ကိုင်း) တို့၌ စစ်ကျွန်ပညာရေး အလိုမရှိသပိတ်ပြုလုပ်ခဲ့ပြီး ရှမ်း၊ ကျောက်မဲမြို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့။
- ရန်ကုန်၊ မြောက်ဥက္ကလာပ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်မြေသာစံ၊ ရတနာပုံ၊ တကသ၊ သံဃသမဂ္ဂ၊ အမရပူရ ပညာရေးမိသားစုများ။ မြင်းခြံ။ မိုးကုတ်။ ညောင်ဦး။ ပြင်ဦးလွင်။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ရွှေဘို။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ကျွန်းလှမြို့နယ်၊ သရက်ပင်ရွာ။ ဘုတလင်မြို့နယ် ဘီသျှူး၊ ငပယင်းနှင့် အုတ်ဖိုရွာ။ ရေနံချောင်း။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြဲ၊ တီဇစ် ကျေးရွာများ။ မြိတ်။ သရက်ချောင်း၊ ကနက်သီရိကျေးရွာ။ ရောဝတီ၊ မြန်အောင်။ ဖားကန့်မြို့၊တာမခန်၊ အေးမြသာယာ။ ရှမ်း၊ တောင်ကြီး စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ် - မဇ္ဈိမ

## တော်လှန်သွေး

အတုအယောင်တွေ
ရွှေရည်စိမ်တွေ
တော်လှန်ရေး မှတ်ကျောက်မှာ
အရောင်မတောက်နိုင်ပါဘူး။


တော်လှန်သွေး ဆိုတာ
လေမှာ ရေးရေး
မြေမှာ ရေးရေး
ဘယ်တော့မှ
မှေးမှိန် မသွားဘူး။

အသက်နဲ့အတူ
အရှက်နဲ့ လူဖြစ်ခဲ့
ငါတို့အသက်တွေ
ဖက်နဲ့ထုပ်ပြီး
မီးပင်လယ်ကို ငြိမ်းစေမယ်။

လက်ျာစ





မေလ(၂၉)ရက်၊ ကလေးမြို့၌ နေ့စဉ်မပြတ် ချီတက်ခဲ့ကြသည့် ပင်မသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

**“စစ်ကျွန်အနံ့တထောင်းထောင်းထနေတဲ့ စာသင်ခန်းဟာ လူ့ငရဲခန်းပဲ ဖြစ်တယ်”**